# ပညာရေးဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများအတွက် လိုအပ်သည့်စံသတ်မှတ်ချက်များ

| စဉ် | လိုအပ်သည့်စံသတ်မှတ်ချက်များ |
|---|---|
| (က) | ရင်းနှီးမြှုပ်နှံသူ/အဖွဲ့အစည်း၏ နိုင်ငံသားဖြစ်မှု (မြန်မာနိုင်ငံသား သို့မဟုတ် နိုင်ငံခြားသား) |
| (ခ) | ရင်းနှီးမြှုပ်နှံမှုပုံစံ၊<br>(၁) နိုင်ငံသား၊<br>(၂) နိုင်ငံသားနှင့် နိုင်ငံခြားသားဖက်စပ်၊<br>(၃) နိုင်ငံခြားသား၊ |
| (ဂ) | ဖွင့်လှစ်မည့် ပုဂ္ဂလိကကျောင်း/သင်တန်းအမျိုးအစား၊ |
| (ဃ) | ပေးအပ်မည့် သင်တန်းဆင်းလက်မှတ်၊ အသိအမှတ်ပြုလက်မှတ်၊ အောင်လက်မှတ်၊ ဒီပလိုမာ၊ ဘွဲ့လက်မှတ်အမျိုးအစားများနှင့် အသိအမှတ်ပြုသည့်အဖွဲ့အစည်း၊ |
| (င) | ပေးအပ်မည့်သင်တန်းဆင်းလက်မှတ်၊ အသိအမှတ်ပြုလက်မှတ်၊ အောင်လက်မှတ်၊ ဒီပလိုမာ၊ ဘွဲ့လက်မှတ်များ၏နမူနာပုံစံ၊ |
| (စ) | သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာအမျိုးအစား (အမျိုးသားသင်ရိုးညွှန်းတမ်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာသင်ရိုးညွှန်းတမ်း) |
| (ဆ) | ပုဂ္ဂလိကကျောင်း၏ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ သင်ကြားရေးဆိုင်ရာကိစ္စများကို တာဝန်ခံဆောင်ရွက်သောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းဝင်များ၏ ပညာအရည်အချင်း အထောက်အထား၊ |
| (ဇ) | ပုဂ္ဂလိကကျောင်း၏အတန်းများတွင် ဘာသာရပ်အလိုက် သင်ကြားမည့်ပုဂ္ဂလိကကျောင်း ဆရာများ၏ ဘွဲ့လက်မှတ်၊ အထောက်အထားများ၊ သင်ကြားရေးအတွေ့အကြုံများနှင့် ကိုယ်ရေးအကျဉ်း၊ |
| (ဈ) | ကျောင်းဆရာ၏နိုင်ငံသားဖြစ်မှု (မြန်မာနိုင်ငံသား သို့မဟုတ် နိုင်ငံခြားသား)၊ |
| (ည) | ပုဂ္ဂလိကကျောင်း၏ ဆရာ၊ ဆရာမနှင့် စီမံခန့်ခွဲရေးဝန်ထမ်း လုံလောက်မှုမရှိကြောင်း ဝန်ခံချက်၊ |
| (ဋ) | ပုဂ္ဂလိကကျောင်းအမျိုးအစားအလိုက် ထားရှိရမည့် ကျောင်းပရိဝုဏ်၊ အဆောက်အအုံ လုံလောက်မှုရှိ/မရှိနှင့် အသုံးပြုခွင့်ရှိသော အထောက်အထား၊ |

| စဉ် | လိုအပ်သည့်စံသတ်မှတ်ချက်များ |
|---|---|
| (ဌ) | ပုဂ္ဂလိကကျောင်းဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန် မရှိကြောင်း ပုဂ္ဂလိကကျောင်း တည်ထောင်ဖွင့်လှစ်မည့် ပရိဝုဏ်၏ဘေးပတ်ဝန်းကျင်တွင် အနီးစပ်ဆုံးနေထိုင်သူ အနည်းဆုံး(၁၀)ဦး သဘောတူ လက်မှတ်ရေးထိုးထားသည့် အထောက်အထားနှင့် ယင်း အထောက်အထားမှန်ကန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ထောက်ခံချက်၊ |
| (ဍ) | ပညာရပ်ဆိုင်ရာဝန်းကျင်ကောင်းရှိ/မရှိ၊<br>(၁) ပုဂ္ဂလိကကျောင်းဝင်း၊ ပတ်ဝန်းကျင်၊ စာသင်ခန်းများ၊ လက်တွေ့ခန်းများသည် ကျန်းမာရေးနှင့်ညီညွတ်၍ သန့်ရှင်းစင်ကြယ်စေရန် အစီအစဉ်ထားရှိခြင်း၊<br>(၂) အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်ထားရှိခြင်း၊<br>(၃) ကျောင်းလုံခြုံရေးနှင့် မီးဘေးကာကွယ်ရေး အစီအစဉ်ထားရှိခြင်း၊ |
| (ဎ) | ဖွင့်လှစ်မည့် ပုဂ္ဂလိကကျောင်းအမျိုးအစားအလိုက် သက်ဆိုင်ရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက်၊ |
| (ဏ) | အမျိုးသားပညာရေးဥပဒေ၊ တည်ဆဲပညာရေးဆိုင်ရာ ဥပဒေများကို လိုက်နာရန်နှင့် နောင်ထွက်ပေါ်လာမည့် ပညာရေးဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်သွားရန် ကတိပြုဝန်ခံချက်၊ |
| (တ) | ပုဂ္ဂလိကကျောင်း၏ ပရဝုဏ်အတွင်း အရက်သေစာနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်း မရှိစေရေး ကတိဝန်ခံချက်၊ |
| (ထ) | ဆရာ၊ ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူများ၏ ကာယိန္ဒြေ ထိခိုက်မှုမရှိစေရေး ကတိဝန်ခံချက်၊ |